## ၄။ လက်ဖက်ကိုင်းထိုးပိုး

**Tea shot-hole borer : *Euwallacea perbrevis* (Schedl 1951)**

**Coleoptera: Curculionidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**




ကျိုင်းကောင်အမ ခန္ဓာကိုယ်သည် (၂.၂-၂.၆) မီလီမီတာခန့်သာရှည်ပြီး ခန္ဓာကိုယ် တုတ်ခိုင်ကာ တချို့သည်အညိုရင့်ရောင်ရှိပြီး များသောအားဖြင့်အနက်ရောင်တွေ့ရလေ့ရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**





ပင်စည်နှင့်ကိုင်းများအတွင်းဝင်ရောင်ဖျက်ဆီးသဖြင့်ပင်စည်ပေါ်တွင် (၁.၅) မီလီမီတာခန့် အပေါက်များနှင့် အတူ အဖြူရောင် အညစ်အကြေးများတွေ့ရသည်။အပင်များအားနည်းလာပြီး ကိုင်းအသစ်များ ထွက်ပေါ်မှုများမရှိတော့ဘဲလက်ရှိ ကိုင်းများညှိုးခြောက်ခြင်း၊ ကိုင်းကျိုးကျခြင်းများတွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၈-၁၀ )ရက် |
| လောက်ကောင်အဆင့် | -(၂၁-၂၆ )ရက် |
| ရုပ်ဖုံးအဆင့် | -(၁၀-၁၂ )ရက် |
| အကောင်ကြီးအဆင့် | -(၄၂)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပိုးဖျက်ဆီးထားသောကိုင်းခြောက်များအားမီးရှို့ပါ။ကိုင်းချိုင်ပါ။

(၂)အရွယ်ရောက်လောက်ကောင်ရှိသော ပင်စည်အခေါက်ထဲသို့ ပိုသတ် ဆေး ထိုးသွင်းခြင်း (သို့)ပိုးသတ်ဆေးဆွတ်ထား သော ဂွမ်းကိုပင်စည် ထဲ သို့ထိုးထည့်ပါ။

- ဖစ်ပရိုနေး (Fipronil)
- ဆိုင်ပါမီသရင် (Cypermethrin)

(၃) အလူမီနီယမ်ဖော့စဖိုက် (Aluminium Phosphide) ဆေးပြားများအား ပင်စည်အခေါက်ထဲ ထည့်ပြီး အပေါ်မှနွားချေးအုံပေးပါ။

(၄)ပင်စည် အခေါက်များကို ဆေးသုတ်ခြင်းဖြင့် ဖျက်ပိုး နှိမ်နင်း ပါ။

- ကာဘာရိုင်း (Carbaryl)

(၅)အပင်ခြေအားမြေဆွ၍ ဖစ်ပရိုနေး ၃ဂျီအာ(Fipronil 3GR)၊ ကာဘိုဆာလဖန် ၅ဂျီ (Carbosulfan 5G) ထည့်ပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍ စနစ်တကျ ခူးဆွတ်ပါ။